# အခန်း(၁)

"အူဝဲ ... ဝဲ ... အူဝဲ ... ဝဲ"

ကလေးငိုသံက လေဒဏ် မိုးဒဏ်ကြား ထိုးဖောက် ဝင်ရောက်လာ၏ ။ အိပ်ခန်းထဲမှ ကလေး ငိုသံကြောင့် အိမ်ရှေ့ခန်းမှ လူများ ရုတ်ရုတ်ရက်ရက် ဖြစ်ကုန်သည် ။

"ဘာလေးလဲဟေ့"

"မိန်းကလေးတော့"

"ကျွန်တော် ဝင်လာလို့ ရမလား"

"ခဏလေး ဟေး ..."

"ဟာ မြန်မြန်လုပ်ဗျာ။ ကျွန်တော့်သမီး မျက်နှာကို ကြည့်ချင် လှပြီဗျ ။ ပန်းနုရော နေကောင်းလား"

"ကလေးရော လူကြီးပါ ကောင်းပါ့ရှင်။ ပန်းနုကတော့ မောလို့ ထင်တယ်၊ ခဏ မိန်းနေတယ်။ ကလေးက ဖူးဖူးလှလှ၊ ဖြူဖြူဖွေးဖွေး ကြီးတော့။ ကိုဖုန်းနိုင် ... ရှင်တော့ပွတာပဲ။ ယောက္ခမ အခေါ် ခံရတော့မှာ ပဲ "

"ဟုတ်ပ့ါ အိုးလေးလိုပဲ လုံးဝိုင်းဝိုင်းလေ"

"ဟာဗျာ ကျွန်တော် ဝင်လာခဲ့ပြီ"

ကိုဖုန်းနိုင်က ဆိုးဆိုးဆတ်ဆတ် နိုင်သူ ပီပီ သမီးလေးကို မြင်ချင်လှသည့် စိတ်ဆန္ဒကို မထိန်းချုပ် နိုင်တော့ပဲ၊ လိုက်ကာစကို ပင့်ကာ တံခါးကို ဆွဲဖွင့် ပစ်လိုက် လိုက်သည် ။ အနီးစ ဖြူဖြူလေးနှင့် ထုပ်ပွေ့ထား

လာ မိသည် ။ ကလေးရဲ့ မျက်နှာကို ကြည့်ရင်းနှင့်ပင် မျက်ဝန်းအိမ်ထဲ မျက်ရည်ကြည်ဥတို့ တွဲခို လာရသည် ။ ဒီလိုကြီး ရှိုက်ငင် လှိုက်ဖိုတဲ့ ခံစားချက်မျိုးကို သူမ တစ်သက်တာမှာ ဘယ်သော အခါမှာ မှ မခံစားခဲ့ ရဖူးခဲ့။ ဘာကြောင့်လဲ ... ဘာကြောင့်လဲ။ သူမကိုယ် သူမလည်း မသိနိုင်သလို၊ အထူး ငြိမ်သက်နေတဲ့ သူမကို ကြည့်ရင်းလည်း ကျန်လူများက မဝေခွဲနိုင်ခဲ့။

"တိုင် ... တိုင် ... တိုင် ... တိုင် ... တိုင် ... တိုင် ... တိုင်"

"ဟဲ့သော့ ... ဘာသံတုံး"

"မီးဂလိုင် ထင်တယ်"

သူမတို့ ပြောဆို ဝေဖန်၍ ပင် မဆုံးလိုက်နိုင်။ ရွာထဲမှာ ဆူညံစွာဖြင့် လူတစ်အုပ် ပြေးထွက်လာခဲ့သည် ။

"မီးတဲ့ ဟေ့ ... မီး ... မီး ... မီး"

"ဟယ် ... မီးတဲ့ ။ ဒုက္ခပါပဲ"

"တို့ နဲ့ ဝေးသလား မသိဘူး။ လာဟေ့ အပေါ်တက်ကြည့် ရအောင်"

ဟု တစ်ယောက်က ဝုန်းခနဲ ပြေးတက် လာခဲ့ကြသည် ။ သူမတို့အားလုံး မီးလောင်ရာဘက် မှန်းဆကာ ဝရန်တာမှာ ထွက်ရပ်ကြည့် လိုက်သည် ။

သူမတို့ ကြည့်လိုက်သည် နှင့် တစ်ပြိုင်နက် မီးလုံးကြီး တစ်လုံးက ဝုန်းခနဲ အပေါ် ပျံတက်လာသည် ။

"အမယ်လေး လုပ်ကြပါဦး"

ပန်းနု တစ်ယောက် ကြောက်လန့်တကြား ရင်ဘတ်လေး ဖိကာ

ထောင့် ဘယ်နေရာက ဘွားခနဲ ပေါ်လာခဲ့မလဲ ဆိုတဲ့ အတွေးမျိုးက သူမ နှလုံးသားကို အရိပ်သဖွယ် ခြောက်လန့်နေဆဲ။

အိုးကြယ်လင်း လေးကို ဝတ်ကျေတန်းကျေ၊ လူမှုရေး ပတ်ဝန်းကျင်ကြောင့် ကျွေးမွေး ထားခဲ့ ရပေမဲ့ အခုတော့ အိုးကြယ်လင်းလေး ကသာ သူမဘဝ ဖြစ်လာခဲ့ရ တော့သည် ။

အိုးကြယ်လင်း လေးက သမီးလေး ဖြစ်နေတာကြောင့် တစ်ချိန်ချိန်မှာ သူမအတွက် စိန်ခဲ ဖြစ်လာ နိုင်ပါတယ်ဆိုတဲ့ မျှော်ကိုးချက် မျိုး လည်း ပါသည် ။

သို့သော် အခုချိန်မှာ တော့ ဒီစိတ်တွေက ဘယ်ထိ လွင့်စဉ်သွားမလဲ မသိ။ လာသမျှ ဧည့်သည် များက အိုးကြယ်လင်းလေးကို တစေ့တစောင်း အကဲခတ်ခဲ့ရင်တောင် သူမ နှလုံးသားက နာကျင်ပြီး မခံမရပ် ဖြစ်ရသည် ထိပင်။

ရင်က ဖြစ်ရတဲ့ သမီးရင်းလေး မဟုတ်ခဲ့ပေမဲ့ ရင်တစ်ခုလုံးနဲ့ မဆံ့ဆန်အောင်ပင် သူမရဲ့ ဘဝ၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတိတ် အားလုံးကို အိုးကြယ်လင်း လေးက စိုးမိုးထားဆဲ။ အခုဆို သူမရဲ့ မနက်ဖြန်တိုင်းကို အိုးကြယ်လင်း လေးက လွှမ်းမိုး လာတတ်ပါပြီ။

အိုးကြယ်လင်း လေးက သူမရဲ့ အချစ်ဆုံး၊ ဖူးဖူးမှုတ် ခံထားရတာကြောင့် အလွန် ဆိုးပါသည် ။ အိမ်ရှိ ကောင်မလေးတွေ အားလုံးက လည်း အိုးကြယ်လင်းလေးရဲ့ အာဏာစက် အောက်မှာ ပြားပြားဝပ်။ သူမကိုယ်၌ ကလည်း သမီးငယ်ကို မျက်နှာညိုး တစ်ချက် မခံခဲ့သူမို့ သမီးလေးက ပိုဆိုးနေသည် ထင်ပါရဲ့ ။

ဆိုးပါစေ ...

